# 1 အလုပ်အကိုင် ရှာဖွေခြင်း

## 1-2 အလုပ်အကိုင် ဆွေးနွေးခြင်း၊ အလုပ်အကိုင် မိတ်ဆက်ရှာဖွေခြင်း

### (1) အများပြည်သူ အလုပ်အကိုင် ရှာဖွေရေး ဌာန (Hello Work)

အလုပ်အကိုင်ဆွေးနွေးခြင်း၊ အလုပ်အကိုင်မိတ်ဆက်ရှာဖွေခြင်းကို အခမဲ့လုပ်ဆောင်ပေးလျက်ရှိသော အစိုးရအဖွဲ့အစည်းဖြစ်သည်။ Hello Work သည် အွန်လိုင်းစနစ်ဖြင့် ချိတ်ဆက်ထားပြီး ကွန်ပြူတာနှင့် တစ်နိုင်ငံလုံးရှိ အလုပ်ခေါ်စာများကို ကြည့်ရှုနိုင်သည်။ ထို့အပြင် အချိန်ပိုင်းအလုပ်နှင့် ပတ်သက်၍လည်း ဆွေးနွေးမှုများကို လက်ခံဆောင်ရွက်ပေးသည်။ ဂျပန်ဘာသာစကား တတ်မြောက်သူသည် နီးစပ်ရာ Hello Work ကို အသုံးပြုသင့်သည်။ ဂျပန်ဘာသာစကားက ကျွမ်းကျင်စွာမတတ်မြောက်သူသည်လည်း Hello Work ကို အသုံးပြုနိုင်သည်။ သို့ရာတွင် ဖုန်းဖြင့် ကြိုတင် ရမရ သေချာမေးမြန်းပါ။ အလုပ်ရှာဖွေရန် စာရင်းပေးသွင်းသည့်အခါ နေထိုင်ခွင့်နှင့် နေထိုင်ခွင့်ကာလကို စိစစ်သောကြောင့် နိုင်ငံကူးလက်မှတ်နှင့် နေထိုင်ခွင့်ကတ်ပြား (သို့) အထူးရာသက်ပန် နေထိုင်သူ ထောက်ခံစာကို မလွဲမသွေ ယူဆောင်သွားပါ။ အချို့ Hello Work ရုံးများတွင် စကားပြန်ကို ထားရှိသည်များလည်းရှိသည်။

နိုင်ငံခြားသားများအတွက် ပြုစုထားသောဇယား။ ။ http://www.mhlw.go.jp/bunya/koyou/naitei/dl/nihong1.pdf

| | ယူဆောင်သွားရန်လိုအပ်သော စာရွက်စာတမ်း စသည့် |
|---|---|
| ပညာတော်သင်၊ မှီခို နေထိုင်ခွင့်ဖြင့် အချိန်ပိုင်းအလုပ်ကို လုပ်ဆောင် လိုသော အခါ | 1။ နေထိုင်ခွင့် ကတ်ပြား<br>2။ နိုင်ငံကူးလက်မှတ်<br>3။ နေထိုင်ခွင့်ပြင်ပ လုပ်ရှားဆောင်ရွက်မှု ခွင့်ပြုစာ (B နေထိုင်ခွင့် 2-6 နေထိုင်ခွင့် ပြင်ပလှုပ်ရှားမှု ခွင့်ပြုစာ အညွှန်း) |
| သီးခြားသတ်မှတ်သည့် လှုပ်ရှားမှု (working holiday စသည့်) ဖြစ်လျှင် | 1။ နေထိုင်ခွင့် ကတ်ပြား<br>2။ နိုင်ငံကူးလက်မှတ်<br>3။ တရားရေးဝန်ကြီးမှ ထုတ်ပေးသော ခွင့်ပြုအမိန့်စာ |
| ပညာတော်သင် ကျောင်းသားက ကျောင်းအောင်ပြီးနောက် လုပ်မည့် အလုပ်ကို ဆွေးနွေးလိုသော အခါ | 1။ နေထိုင်ခွင့် ကတ်ပြား<br>2။ နိုင်ငံကူးလက်မှတ်<br>3။ ကျောင်းသားကတ်ပြား |

*စာညွှန်း။ ။ရှင်းဂျုကု နိုင်ငံခြားသား အလုပ်အကိုင် အကူအညီ လမ်းညွှန်စင်တာ (အပေါ် ၂ ကြောင်း)*

*တိုကျို နိုင်ငံခြားသား အလုပ်အကိုင် ဝန်ဆောင်မှု စင်တာ (ပညာတော်သင်များအတွက် လမ်းညွှန်၊ အလုပ်ရှာဖွေခြင်း၊ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းလမ်းများ)*

*(အောက် ၁ ကြောင်း)*